နေ့စွဲ - ၂၀၁၂ ခုနှစ်၊ မတ်လ (၂၂)ရက်။

**မြန်မာ့ သဘာဝပတ်ဝန်းကျင်အလုပ်အဖွဲ့မှ စွမ်းအင်၊ ဓါတ်သတ္တုတူးဖော်ရေးနှင့် မြေယာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု စံသတ်မှတ်ချက်နှင့်ပတ်သက်၍ ထုတ်ပြန်ကြေငြာချက်။**

လူထုအခြေပြု အဖွဲ့အစည်းများ၏ မဟာမိတ်အဖွဲ့အစည်းတခုဖြစ်သော မြန်မာ့သဘာဝပတ်ဝန်းကျင် အလုပ်အဖွဲ့မှ မြန်မာနိုင်ငံတွင် ကဏ္ဍအသီးသီး၌ ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍ တာဝန်ခံမှုရှိစေရန် စွမ်းအင်၊ ဓါတ်သတ္တုတူးဖော်ရေးနှင့် မြေယာကဏ္ဍတို့တွင် ရင်းနှီး မြှုပ်နှံမှု စံသတ်မှတ်ချက်နှင့်ပတ်သက်သော ကြေငြာချက် ထုတ်ပြန်လိုက်သည်။ စံသတ်မှတ်မှု ထုတ်ပြန်ကြေငြာချက်သည် အနောက်အုပ်စုဒီမိုကရေစီနိုင်ငံများနှင့် ကုမ္ပဏီများ မြန်မာနိုင်ငံအားပိတ်ဆို့အရေးယူထားမှုကို ရုတ်သိမ်းကာ စွန့်စားမှုကြီးသည့်ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ရန် စိတ်ဝင်စားလျက်ရှိသည့်အချိန်တွင် အချိန်ကိုက်ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။ အကယ်၍ ဤစံသတ်မှတ်ချက်ကို လိုက်နာ ပါက လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ချိုးဖောက်မှုနှင့်ပတ်သက်၍ နာမည်ဆိုးရှိခဲ့သော မြန်မာအစိုးရအနေဖြင့် လူထုဘဝတိုး တက်လာမည့်အပြင် အရှေ့တောင်အာရှတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအရ ပေါ်ထွန်းလာမည့် မြန်မာနိုင်ငံကို ထိခိုက်စေမည် မဟုတ်ပေ။

မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုသည် ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို အထောက်အကူ ဖြစ်စေရ မည်ဖြစ်ပြီး သဘာဝသယံဇာတရင်းနှီးမြှုပ်နှံမှုကြောင့် အတင်းအကြပ်လုပ်အားခိုင်းစေခြင်း၊ မြေယာသိမ်းပိုက်ခံရခြင်း၊ တရား မဝင်အခွန်ကောက် ခြင်း၊ အသက်အိုးအိမ်များဆုံးရှုံးခြင်းနှင့် လူ့အခွင့်အရေးချိုးဖေါက်မှုများကို နစ်ရှည်လများခံစားခဲ့ရသည့် ဒေသခံများ၏ ဆန္ဒသဘော ထားကို လေးစားလိုက်နာရန်လိုအပ်ကြောင်း **မြန်မာ့သဘာဝပတ်ဝန်းကျင်အလုပ်အဖွဲ့မှ စွမ်းအင်၊ ဓါတ်သတ္တုတူးဖော်ရေးနှင့် မြေယာ ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုစံသတ်မှတ်ချက်ဆိုင်ရာပြောရေးဆိုခွင့်ရှိသူ ပေါလ်စိန်ထွားမှ ပြောဆိုခဲ့သည်။**

**အောက်ဖေါ်ပြပါအချက်များသည် BEWG ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စံသတ်မှတ်ချက်များ ဖြစ်သည်။**

## (၁) ထိခိုက်နစ်နာမှုမရှိစေရေး

ရင်းနှီးမြှုပ်နှံမှုများသည် မြန်မာနိုင်ငံအတွင်း သဘာဝသယံဇာတနှင့် မြေယာအခြေခံအငြင်းပွားမှုကို ဆိုးရွားမှုမရှိစေရ၊

## (၂) အကောင်းဆုံးနည်းလမ်း (သို့) နည်းလမ်းမရှိ

ရင်းနှီးမြှုပ်နှံသူများ အနေဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ နှင့် လူ့ အခွင့်အရေးများဆိုင်ရာ တရား ဥပဒေကို လေးစားလိုက်နာပြီး နိုင်ငံတကာမှ လက်ခံကျင့်သုံးနေသော လူ့အခွင့်အရေးများ၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှုများ ခန့်မှန်းတွက်ချက်ခြင်းကို ကမ္ဘာလုံး ဆိုင်ရာ စံချိန်စံညွှန်းများနှင့်အညီ လိုက်နာလုပ်ဆောင်ရမည်။

## (၃) ပွင့်လင်းမြင်သာမှုဆိုင်ရာလုပ်ဆောင်မှုနှင့်မှုများ

ရင်းနှီးမြှုပ်နှံသူများအနေဖြင့် အကျင့်ပျက်ခြစားမှုနှင့်ပတ်သတ်၍ တိကျပြတ်သားသောမူရှိရန်လိုအပ်ပြီး လုပ်ငန်းစာချုပ်နှင့် အခွန် ဘဏ္ဍာပွင့်လင်းမြင်သာမှုရှိစေရန် လိုက်နာရမည်။

## (၄) လူထုအခြေပြုအဖွဲ့အစည်းများကိုထောက်ပံ့ခြင်း၊ပြစ်ဒဏ်များပေးခြင်းမပြုရ

လူထုအခြေပြုအဖွဲ့အစည်းများသည် သူ၏လုပ်ငန်းများ အထမြောက်အောင်မြင်စေရန် ခြိမ်းခြောက်အနိုင်ကျင့်မှုကင်းပြီး လွတ်လပ်မှု ရှိရမည်။

## (၅) အစုအဖွဲ့များကိုလုပ်ပိုင်ခွင့်များမြှင့်ပေးခြင်း

ရင်းနှီးမြှုပ်နှံမှုကြောင့် အောက်ခြေလူထု၏ နစ်နာဆုံးရှုံးမှုများကို အပြည့်အဝဖြေရှင်းပေးရမည်။

ဤကိစ္စရပ်နှင့်ပတ်သက်၍ သတင်းအချက်အလက်များကိုသိရှိလိုပါက BEWG ၏ ၂၀၁၁ ခုနှစ်အစီရင်ခံစာဖြစ်သော *Burma's Environment: People, Problems, Policies* တွင် ကြည့်ရှုနိုင်သည်။ သို့မဟုတ် BWEG ၏ အင်တာနက်စာမျက်နှာ www.bewg.org တွင် သွားရောက် လေ့လာနိုင် သည်။

ဆက်သွယ်ရန်-

ပေါလ်စိန်ထွား + ၆၆ (၀)၈၁၇၂၄ ၇၀၉၃

ဝင်းအောင်- + ၆၆ (၀)၈၅၇၁၃၃၃၄၄